(ခ) ပန်းသေပန်းညှိုးရောဂါ ကုသဆေးများဖြစ်သော (sildenafil, tadalafil) ဆေးများသည် နိုက်ထရစ်ပါသောဆေးများ၊ အချို့ သွေးပေါင်ကျဆေးများနှင့် တွဲဖက် သောက်သုံး၍မရပါ။ ထို့အပြင် မလိုလားအပ်သော ဆေးအာနိသင်အတိုး အလျော့ ဖြစ်စေနိုင်သည့် ဆေးအမျိုးအစားများသောက်သုံးနေပါက ဆရာဝန်မှ ဆေးပမာဏ ပြန်လည်ချိန်ညှိပေးရန် လိုအပ်ပါသည်။

(ဂ) ပန်းသေပန်းညှိုးရောဂါသည် ရောဂါလက္ခဏာကိုသာ ကုသရသည် မဟုတ်ဘဲ ရောဂါဖြစ်စေသောအကြောင်းတရားကို စနစ်တကျ ရှာဖွေကုသရန် ပို၍အရေးကြီးပါသည်။ ကုသပျောက်ကင်းနိုင်သော အကြောင်းတရားများ ဖြစ်ပါက ပန်းသေပန်းညှိုးရောဂါအား ပျောက်ကင်းအောင် ကုသနိုင်ပါသည်။

(ဃ) ပန်းသေပန်းညှိုးရောဂါသည် ဆရာဝန်နှင့်ပြသ၍ စနစ်တကျ ကုသမှု ခံယူခြင်းဖြင့် အခြားဆက်စပ်နေသောရောဂါများအားလည်း လိုအပ်သလို ထိရောက်စွာကုသနိုင်ပါသည်။

Duron
Tadalafil Tablets 10/20 mg
MACLEODS

## ၆။ ပန်းသေပန်းညှိုးရောဂါအားကုသနိုင်သောနည်းများမှာ...

(က) စိတ်ပိုင်းဆိုင်ရာဆွေးနွေးကုသခြင်း (Psychosocial Counselling)

(ခ) သောက်ဆေးများ (Oral PDE5 Inhibitors. eg. Sidenafil, Tadalafil, etc.)

(ဂ) လေစုပ်ကိရိယာများ (Vacuum Devices)

(ဃ) လိမ်းဆေးများ (Cream Applications)

(င) ထိုးဆေးများ (Intracavernous Injections)

(စ) ဆီးလမ်းကြောင်းအတွင်းထည့်သောဆေးများ(Intraurethral Cream)

(ဆ) လိင်တံအားလှိုင်းပျော့ကုသခြင်း (Extracorporeal Shock Wave Therapy)

(ဇ) လိင်တံသွေးလွှတ်ကြောခွဲစိတ်ကုသခြင်း (Penile Vascular Surgery)

(ဈ) လိင်တံအတွင်းသို့ ခွဲစိတ်၍ပစ္စည်းထည့်သွင်းခြင်း (Penile Prosthesis Implantation)

## ၇။ မည်သည့်နည်းလမ်းဖြင့် ကုသသင့်ပါသနည်း...?

ပန်းသေပန်းညှိုးရောဂါရှိသူ တစ်ဦးချင်းစီ၏ ရောဂါဖြစ်ရသော အကြောင်းရင်း၊ တွဲဖက်ရှိနေသော ရောဂါများ၊ လက်ရှိ သောက်သုံးနေသော ဆေးများနှင့် စိတ်ခံစားချက်များအား ထည့်သွင်း စဉ်းစား၍ အသင့်တော်ဆုံး ဖြစ်မည့်ကုထုံးနည်းလမ်းအား ဆရာဝန်နှင့်လူနာ သဘောတူ ရွေးချယ်၍ ကုသရပါသည်။

Duron
Tadalafil Tablets 10/20 mg
MACLEODS

# ဆီးချိုသွေးချိုရောဂါ နှင့် ပန်းသေပန်းညှိုးရောဂါ

## ၁။ ပန်းသေပန်းညှိုးရောဂါ ဆိုသည်မှာ...



အမျိုးသားတစ်ဦးသည် စိတ်ကျေနပ်မှု ပြည့်ဝသော လိင်ဆက်ဆံမှု ရရှိရန်လုံလောက်သော လိင်တံမာကြောမှုကို မရရှိသည်မှာ (၃)လခန့် ကြာပြီဆိုပါက ပန်းသေပန်းညှိုးရောဂါ ခံစားနေရသည်ဟု သတ်မှတ်နိုင်ပါသည်။

**ဆီးချိုနှင့်ဟော်မုန်းရောဂါအထူးကုဌာန**
**ဆေးတက္ကသိုလ် (၂)**
**ရန်ကုန်**

ပြင်ပလူနာဌာန

အင်္ဂါနေ့ (နံနက် ၉ နာရီမှ နေ့လည် ၁၂ နာရီ)

စတင်ထုတ်ဝေသည့်နေ့ - ၂၀၁၈ မေလ (၁) ရက်

## ၂။ ပန်းသေပန်းညှိုးရောဂါဖြစ်စေသော အကြောင်းအရင်းများမှာ....

(က) သွေးတိုးရောဂါ

(ခ) ဆီးချိုသွေးချိုရောဂါ

(ဂ) သွေးတွင်းအဆီဓါတ်များခြင်း

(ဃ) ဆေးလိပ်သောက်ခြင်း၊ အရက်သောက်ခြင်း

(င) ဦးနှောက်နှင့် အာရုံကြောဆိုင်ရာရောဂါများ

(စ) ဟော်မုန်းဆိုင်ရာရောဂါများ

(ဆ) သောက်ဆေးများ

(ဇ) ဆီးစပ်အနီးခွဲစိတ်မှုများ၊ ဓါတ်ရောင်ခြည်ကုသမှုများ

(ည) လိင်တံပုံစံပုံမှန်အနေအထားမရှိခြင်း

(ဋ) စိတ်ပိုင်းဆိုင်ရာပြဿနာ/ရောဂါများ

(ဌ) ခါးကျောရိုးနှင့် လိင်တံအနီးတဝိုက် ထိခိုက်ဒဏ်ရာရရှိခြင်း



Duron
Tadalafil Tablets 10/20 mg
MACLEODS

## ၃။ ဆီးချိုသွေးချိုရောဂါနှင့် ပန်းသေပန်းညှိုးရောဂါဆက်စပ်မှု...

ဆီးချိုသွေးချိုရောဂါရှိသောအမျိုးသားများသည် ရောဂါမရှိသော အမျိုးသားများထက် ပန်းသေပန်းညှိုးရောဂါဖြစ်နိုင်ခြေ (၃) ဆခန့် ပို၍ရှိနိုင်ပြီး ဆီးချိုသွေးချိုရှိသော အမျိုးသားများ၏ ၅၀% ကျော်တွင် ပန်းသေပန်းညှိုးရောဂါဖြစ်နေကြောင်း တွေ့ရှိရပါသည်။

ဆီးချိုသွေးချိုရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများ ဖြစ်သော သွေးကြောဆိုင်ရာနှင့် အာရုံကြောဆိုင်ရာရောဂါများ ရှိလာခြင်းနှင့် တက်စတိုစထီရုန်း (အမျိုးသားဟော်မုန်း) နည်းပါးလာခြင်းတို့ကြောင့် ဆီးချိုသွေးချိုရောဂါရှိသော အမျိုးသားများတွင်ပန်းသေပန်းညှိုးရောဂါ ပိုမိုရရှိရခြင်းဖြစ်ပါသည်။



Duron
Tadalafil Tablets 10/20 mg
MACLEODS

## ၄။ ပန်းသေပန်းညှိုးရောဂါဖြစ်နေပါကသင်၏ ဆရာဝန်အား အသိပေးရန် လိုအပ်ပါသလား ?

ပန်းသေပန်းညှိုးရောဂါ ဖြစ်နေပါက ဆရာဝန်အား အသိပေးရန် အရေးကြီးပါသည်။ ပန်းသေပန်းညှိုးရောဂါသည် နှလုံးသွေးကြော၊ ဦးနှောက်သွေးကြောဆိုင်ရာ ရောဂါများနှင့် ဆက်စပ်မှုရှိပြီး ရောဂါဖြစ်စေသော အကြောင်းတရားများလည်း တူညီမှုရှိပါသည်။ (ဥပမာ - သွေးတိုးရောဂါ၊ ဆီးချိုသွေးချိုရောဂါနှင့် သွေးတွင်း အဆီဓါတ်များခြင်း)။ သို့ပါ၍ ရောဂါ ဖြစ်စေသော အကြောင်းတရားများကို စနစ်တကျ ရှာဖွေ၍ စောလျင်စွာကုသပေးရန် လိုအပ်ပါသည်။

## ၅။ ပန်းသေပန်းညှိုးရောဂါကုသဆေးများအား မိမိသဘောဖြင့် ပြင်ပဆေးဆိုင်များတွင် ဝယ်သောက်သင့်ပါသလား ?



ပန်းသေပန်းညှိုးရောဂါ ကုသဆေးများအား မိမိသဘောဖြင့် ဝယ်မသောက်သင့်ပါ။

(က) ရှေးဦးစွာ ဆရာဝန်မှ လိင်ဆက်ဆံမှုပြုရန် စိတ်ချရသော နှလုံးအခြေအနေ ရှိမရှိစမ်းသပ်စစ်ဆေးမှုခံယူရန် အရေးကြီးပါသည်။

လိုအပ်ပါကစိတ်ချရသော နှလုံးအခြေအနေရရှိရန် ဆေးကုသမှု ခံယူပြီးမှ ပန်းသေပန်းညှိုးရောဂါအား ကုသမှုစတင်ရပါသည်။

Duron
Tadalafil Tablets 10/20 mg
MACLEODS